Woodside Energy Ltd.
ACN 005 482 986
Woodside Plaza
240 St Georges Terrace
Perth WA 6000
Australia
T: +61 8 9348 4000
F: +61 8 9214 2777
www.woodside.com.au

# သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ အင်္ဂါနေ့

## WOODSIDE ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွင်း တတိယအကြိမ်မြောက် သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိခြင်း

မြန်မာ့ကမ်းလွန်ပြင် ရခိုင်ကမ်းရိုးတမ်း တောင်ဖက်အခြမ်းတွင် တည်ရှိသည့် ရေနံရှာဖွေတူးဖော်ရေး လုပ်ကွက် အမှတ် အေ-၆ ရှိ ပြည်သစ်-၁ ရှာဖွေတူးဖော်ရေးတွင်းမှ ခန့်မှန်းခြေ ၆၅ မီတာအကျယ်ရှိသည့် သဘာဝဓာတ်ငွေ့ကြောတစ်ခု ရှာဖွေ တွေ့ရှိကြောင်း Woodside ကုမ္ပဏီမှ သတင်းထုတ်ပြန်ကြေငြာအပ်ပါသည်။ အဓိကပစ်မှတ်ဖြစ်သည့် သဲကျောက်လွှာ အတွင်းရှိ ဓာတ်ငွေ့သိုက်၏ စုစုပေါင်း စီးပွားဖြစ် ဓာတ်ငွေ့ထုတ်လုပ်နိုင်ပမာဏမှာ ခန့်မှန်းခြေအားဖြင့် ၃၆ မီတာရှိ ကြောင်း စမ်းသပ် တိုင်းတာရရှိပါသည်။

ပြည်သစ်-၁ ရှာဖွေတွေ့ရှိမှုသည် ရှာဖွေတူးဖော်မှုများစွာမပြုလုပ်ရသေးသည့် ဒေသတွင်း၌ ရရှိခဲ့သည့် Woodside ၏ အောင်မြင်မှု နောက်တစ်ခုဖြစ်သည်ဟု Woodside ၏ အမှုဆောင်အရာရှိ ပီတာကိုးလ်မန်း (Peter Coleman) မှ ဆိုပါသည်။

"ဒီရှာဖွေတွေ့ရှိမှု ရလဒ်ဟာ ရခိုင်ကမ်းရိုးတမ်း တောင်ဖက်အခြမ်းက အလားအလာရှိတဲ့ အရင်းအမြစ်တွေအပေါ် ကုမ္ပဏီရဲ့ သိကျွမ်း နားလည်မှုကို ပိုမိုခိုင်မာစေပြီး အနာဂတ် ရှာဖွေတူးဖော်ရေးဆိုင်ရာ ရွေးချယ်မှုတွေ စဉ်းစား သုံးသပ်ရာမှာ ပိုမိုအထောက် အကူပြုပါတယ်" ဟု ၎င်းမှ ပြောကြားပါသည်။

ပြည်သစ်-၁ ရှာဖွေတူးဖော်ရေးတွင်းအား ဇွန်လ ၁၀ ရက်နေ့တွင် ကနဦး တူးဖော်မှုပြုလုပ်ခဲ့ပြီး စုစုပေါင်း ၄၅၇၀ မီတာ အနက်အထိ တူးဖော်မှု ပြုလုပ်ခဲ့ပါသည်။ တူးဖော်မှုပြုလုပ်ပြီးနောက် အထူးပြုလုပ်ထားသည့် ပိုက်များဖြင့် ဓာတ်ငွေ့ သိုက်တည်ရှိနိုင် မည့်နေရာရှိ မြေသား၊ ကျောက်သားဖွဲ့စည်းမှုများတိုင်းတာသည့် Wireline Logging နည်းစဉ်ဖြင့် ဖိအား တိုင်းတာခြင်းများနှင့် ဓာတ်ငွေ့နမူနာ ရယူဆန်းစစ်မှုများပြုလုပ်၍ ဓာတ်ငွေ့တည်ရှိကြောင်း အတည်ပြုနိုင်ခဲ့ ပါသည်။

ဓာတ်ငွေ့သိုက်၏ ၂၉ မီတာ အပိုင်းတစ်လျှောက်တွင် ဖိအား၊ ဘူမိဖွဲ့စည်းမှုနှင့် ဓာတ်ငွေ့ပမာဏတိုင်းတာသည့် (drill stem test – DST) စမ်းသပ်မှုအားပြုလုပ်ခဲ့ပြီး မက်ထရစ် ကုဗပေသန်း (mmscf/d) ၅၀ သည် ၄၄/၆၄ ဆိုဒ်ရှိ Choke ခေါ် ဖိအားထိန်းစက် ပိုက်ခေါင်း ဖြင့် ၄၄နာရီကျော်ကြာ စီးဆင်းထွက်ရှိခဲ့ပါသည်။

ပြည်သစ်-၁ ရှာဖွေတွေ့ရှိမှုသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ကြေညာခဲ့သော လုပ်ကွက် အမှတ် အေ-၆ ရှိ "ရွှေရည်ထွန်း-၁" တူးဖော်ရေးတွင်းမှ ရှာဖွေတွေ့ရှိမှု နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကြေညာခဲ့သော လုပ်ကွက် အမှတ် အေဒီ-၇ ရှိ "သလင်း - ၁ အေ" တူးဖော်ရေးတွင်းမှ ရှာဖွေတွေ့ရှိမှုတို့၏ နောက်ဆက်တွဲ ရှာဖွေတွေ့ရှိမှုဖြစ်သည်။

Woodside Energy (Myanmar) Pte Ltd သည် လုပ်ကွက်အမှတ် အေ-၆ အား ၄၀% အစုရှယ်ယာဖြင့် ပူးတွဲ လုပ်ကိုင်သူ အဖြစ် ရှာဖွေတူးဖော်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်သစ်-၁ ရှာဖွေတူးဖော်ရေးတွင်း၏

ရှာဖွေ တူးဖော်သူလည်း ဖြစ်သည်။ အေ-၆ လုပ်ကွက်ထဲတွင် MPRL E&P Pte Ltd မှ ၂၀% အကျိုးစီးပွားဖြင့် ပူးတွဲလုပ်ကိုင်သူ အဖြစ်ပါဝင်ထားပြီး Total E&P Myanmar မှ ကျန်ရှိသော ၄၀% အကျိုးစီးပွားအား ကိုင်ဆောင်ထားပါသည်။

---

**ဆက်သွယ်ရန်:**
**မီဒီယာ**

Michelle Grady
W: +61 8 9348 5995
M: +61 418 938 660
E: michelle.grady@woodside.com.au

## Woodside ၏ မြန်မာနိုင်ငံ အတွင်း လုပ်ကွက်ဧရိယာ



# မြန်မာနိုင်ငံအတွင်းရှိ Woodside ၏ အကျိုးစီးပွားများ

| လုပ်ကွက်အမှတ် | ဧရိယာ (စတုရန်းကီလိုမီတာ) | Woodside မြန်မာ[1] | Total[2] | MPEP[3] | MPRL[4] | Daewoo[5] | Shell[6] | CNPCI[7] |
|---|---|---|---|---|---|---|---|---|
| **အေ-၆** | ၉၈၂၉ | ၄၀% (ပူးတွဲလုပ်ကိုင်သူ) | ၄၀% | | ၂၀% (ပူးတွဲလုပ်ကိုင်သူ) | | | |
| **အေဒီ-၇** | ၂၇၉၁ | ၄၀% (ပူးတွဲလုပ်ကိုင်သူ) | | | | ၆၀% (ပူးတွဲလုပ်ကိုင်သူ) | | |
| **အေ-၄** | ၇၄၇၉ | ၄၅% | | ၁၀% | | | ၄၅% (ရှာဖွေတူးဖော်သူ) | |
| **အေဒီ-၂** | ၈၀၉၈ | ၄၅% | | | | | ၅၅% (ရှာဖွေတူးဖော်သူ) | |
| **အေ-၇** | ၈၂၂၀ | ၄၅% (ရှာဖွေတူးဖော်သူ) | | ၁၀% | | | ၄၅% | |
| **အေဒီ-၅** | ၁၀၅၆၀ | ၅၅% (ရှာဖွေတူးဖော်သူ) | | | | | ၄၅% | |
| **အေဒီ-၁*** | ၂၆၉၉ | ၅၀% (ပူးတွဲလုပ်ကိုင်သူ) | | | | | | ၅၀% (ပူးတွဲလုပ်ကိုင်သူ) |
| **အေဒီ-၆*** | ၁၇၆၂ | ၅၀% (ပူးတွဲလုပ်ကိုင်သူ) | | | | | | ၅၀% (ပူးတွဲလုပ်ကိုင်သူ) |
| **AD-8* အေဒီ-၈*** | ၅၁၈၀ | ၅၀% (ပူးတွဲလုပ်ကိုင်သူ) | | | | | | ၅၀% (ပူးတွဲလုပ်ကိုင်သူ) |

မှတ်ချက်

1. Woodside Energy (Myanmar) Pte Ltd
2. Total E&P Myanmar
3. Myanmar Petroleum Exploration & Production Co. Ltd.
4. MPRL E&P Pte Ltd.
5. Posco Daewoo Corporation
6. BG Exploration & Production Myanmar Pte Ltd ("Shell")
7. CNPC International Ltd

** သတ်မှတ်ချက်များ ပြည့်မီမှုအပေါ် မူတည်၍ လုပ်ကွက် အေဒီ-၁၊ အေဒီ-၆ နှင့် အေဒီ-၈ များအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး ပူးတွဲပါဝင်လုပ်ကိုင်မှုဆိုင်ရာ သဘောတူညီမှု (farm-in) ကို အပြီးသတ်ပါမည်။*